## ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
## Yangon Protestant Reformed Church
### တနင်္ဂနွေစာစောင်

နေ့စွဲ - ၂၀. ၉. ၀၉

### သူငယ်ချင်းအဖြစ်ကိုပြန်၍တည်ဆောက်ခြင်း(Friendship Restored)

"နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကို ခံယူ၍၊ ကျေးဇူးတော်နှင့်၎င်း၊ သစ္စာတော်(အမှန်တရား)နှင့်၎င်း ပြည့်စုံလျှက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍၊ ခမည်းတော်၌ တပါးတည်း(သာမွေးထား)သောသားတော်၏ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။" ယော ၁း၁၄

"ဘုရားသခင်ကို အဘယ်သူမျှ မမြင်စဖူးသော်လည်း၊ ခမည်းတော်၏ရင်ခွင်၌ရှိသောတပါး(သာမွေးထား)သောသားတော်သည် ဘုရားသခင်ကို ထင်ရှားစေတော်မူပြီ။" ယော ၁း၁၈

"ယခုမှစ၍ ငါသည် သင်တို့ကို ကျွန်ဟူ၍မခေါ်၊ ကျွန်မူကား ကိုယ်သခင်ပြုသောအမှုကိုမသိ၊ သင်တို့ကို အဆွေဟူ၍ ငါခေါ်၏၊ အကြောင်းမူကား ငါသည် ခမည်းတော်ထံ၌ ကြားသမျှသောအရာတို့ကို သင်တို့အား ငါပြသ၏။" ယော ၁၅း၁၅

အပြစ်ကြောင့် ဆုံးရှုံးပျောက်ကွယ်သွားရသော ဘုရားသခင်နှင့် သူငယ်ချင်းမိတ်ဆွေဖြစ်ခြင်းသည် ခရစ်တော်အားဖြင့် ပြန်၍တည်ဆောက်ပါသည်၊ ယောဟန် ၁း၁၇ကပြောသလိုဖြစ်သည်၊ "ပညတ်တရားတော်ကိုမောရှေအားဖြင့်ပေးတော်မူ၏၊ ကျေးဇူးတရားနှင့်သစ္စာ(အမှန်)တရားမူကားယေရှုခရစ်အားဖြင့်လာ၏"

### ၁။ လူ့ဇာတိခံယူခြင်း(The Incarnation)

ခရစ်ယာန်၏အံ့ဩစရာအစစ်အမှန်ကို ဘုရားသခင်၏သားတော် လူ၏အသွေးအသားကိုခံယူ၍၊ ကျွန်တော်တို့ကဲ့သို့သောသူတယောက် ဖြစ်လာခြင်းတွင် တွေ့ရပါမည်။ ယော ၁း၁၄ က ပြောပါသည်။

ထိုသခင်ခရစ်တော်လာမည့်အကြောင်းကို အပြစ်ထဲသို့ကျဆုံးပြီးသည်နှင့်မြွေကို ကျိန်ခြင်းပြစ်ဒဏ် ပေးသည့်အချိန်ကထဲက ပြောထားပြီးဖြစ်သည် ကမ္ဘာ ၃း၁၅။ ဓမ္မဟောင်းခေတ်တလျှောက်လုံးကို ထိုကတိတော် ပတ်ဝန်းကျင်တွင် တည်ဆောက်ထားပါသည်။ ထို့ကြောင့် အာဗြဟံနှင့်ပဋိညာဉ်ပြုသည့်အခါ ဘုရားသခင်က ၊ ကမ္ဘာ ၁၇း၇ "ငါသည် သင်၏ဘုရား၊ သင့်နောက်၌ သင့်အမျိုးအနွယ်၏ဘုရားဖြစ်မည်"ဟု ပြောခဲ့ခြင်းဖြစ်သည်။ ထို အမျိုးအနွယ်သည် သခင်ခရစ်တော်ကို ရည်ညွှန်းနေခြင်းဖြစ်သည် (ဂလာတိ ၃း၁၆)။ ထို့ကြောင့် ခရစ်တော်က "သင်တို့အဘအာဗြဟံသည် ငါကြွလာမည့်အချိန်ကာလကို မြင်ခြင်းငှာ အလွန်အလိုရှိ၏၊ မြင်ရသောအခါ ဝမ်းမြောက်၏"ဟု ပြောခဲ့ခြင်းဖြစ်သည် ယော ၈း၅၆။

ခရစ်တော်သည် ကျွန်တော်တို့ထံသို့ တကယ့်လူရင်းအနေနှင့်လာရောက်သဖြင့် သူသည် လူစစ်စစ်၊ ခန္ဓာရောဝိညာဉ်ပါ ဖြစ်လာသည်။ ထို့ကြောင့် ဟေရှာယက အပျိုစင်စစ်အားဖြင့် လာမည်ဟု ကြိုတင် ပြောခဲ့ရခြင်းဖြစ်သည်၊ "ကြည့်ရှုလော့၊ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောက်ျားကို ဖွားမြင်လတံ့၊ ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ရလတံ့" (ဟေရှာ ၇း၁၄)။ ထို့အပြင် သူသည် ကျွန်တော်တို့၏အသွေးအသားကိုသာခံယူသည်မဟုတ်ပါ၊ အပြစ်နှင့်တိုက်ရသောတိုက်ပွဲသို့လဲ ဝင်ရောက်ပါသည်၊ "ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူ မဟုတ်၊ ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသော စုံစမ်းနှောက်ရှက်ခြင်းတို့ကို ခံဘူးသောသူဖြစ်တော်မူ၏၊သို့ရာတွင် ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏" (ဟေဗြဲ ၄း၁၅)။ ခရစ်တော်သည် ကျွန်တော်တို့ထဲမှတယောက် ဖြစ်ပါသည်။

### ၂။ ငြင်းပယ်ခံရခြင်း(His Rejection)

ကျမ်းစာ၏အဓိကအကြောင်းကို သခင်ခရစ်တော်နှင့် မိတ်ဆွေမဆန်လှသောအပြစ်ကမ္ဘာကြီးကြား ရုန်းကန်မှုမှတ်တမ်းတွင် တွေ့ရပါမည်၊ "ထိုသူသည် ဤလောက၌ ရှိတော်မူပြီ၊ ဤလောကကိုလည်း ဖန်ဆင်းတော်မူပြီ၊ သို့သော်လည်း ဤလောကသည် သူ့ကိုမသိ၊ သူသည် မိမိဒေသအရပ်သို့ ကြွလာသော်လည်း၊ မိမိလူမျိုးတို့သည် သူ့ကို လက်မခံဘဲ နေကြ၏" ယော ၁း၁၀-၁၁)

သူထံတွင် ကျွန်တော်တို့သည် ဘုရားသခင်နှင့်ပြည့်စုံသောသူငယ်ချင်း မိတ်ဆွေဖြစ်မှုအသက်တာ အကြောင်းကို တွေ့ရပါသည်။ ထိုအကြောင်းကို ဆာလံ ၄၀း၇-၈ ကကြိုတင်၍ပြောခဲ့ပြီးဖြစ်သည်၊ "ကျမ်းစာလိပ်၌ အကျွန်ုပ်ကိုအမှတ်ပြု၍ရေးထားသည်နှင့်အညီ၊ အကျွန်ုပ်သည် သွားပါမည်ဟု ဝန်ခံပါ၏၊ အကျွန်ုပ်၏ဘုရားသခင် ကိုယ်တော်၏အလိုတော်ကိုဆောင်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏။" ထိုအချက်သည် သခင်ခရစ်တော်၏ အသက်ရှင်မှုဥပဒေသ ဖြစ်သည်၊ "အကြောင်းမူကား ငါသည် ကိုယ်အလိုသို့လိုက်ခြင်းငှာ ကောင်းကင်မှဆင်းသက်သည်မဟုတ်၊ ငါ့ကိုစေလွှတ်တော်မူသောသူ၏အလိုတော်သို့ လိုက်ခြင်းငှာ ဆင်းသက်၏" (ယော ၆း၃၈)၊ ထိုအသံကို ကောင်းကင်က ဤသို့တုန့်ပြန်ပါသည်၊ "ဤသူသည် ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း၊ သူ၏စကားကို နားထောင်ကြလော့" (မဿဲ ၁၇း၅)။ ခရစ်တော်ထံတွင် ဘုရားသခင်၏ရည်ရွယ်ချက်နှင့်လူသား၏တာဝန်ထမ်းဆောင်မှုတို့ ညီညွတ်စွာတည်ရှိနေကြသည်၊ ထို့အတွက် ကမ္ဘာကြီးကို ဖန်ဆင်းရခြင်းလည်း ဖြစ်သည်။ ထို့ကြောင့် ကျမ်းစာက သူ့ကို "နောက်ဆုံးအာဒံ"ဟု မှန်ကန်စွာခေါ်ခြင်းဖြစ်သည် (၁ကော ၁၅း၄၅)။ သူနှင့်အတူ ရှင်သန်ခြင်းသည် ပြန်၍စတင်ပါသည်။

မည်သို့ဖြစ်စေ၊ ထိုအတွက် သူသည် နာကျင်စွာခံစားခဲ့ရပါသည်။ ကမ္ဘာကြီးက အမြဲတမ်း သူထံတွင် မိတ်ဆွေဖြစ်ခြင်းရှိသယောင် ဟန်ဆောင်ပါသည်၊ သို့သော် ထိုသူငယ်ချင်းဖြစ်မှုတွင် စစ်မှန်သော ပွင့်လင်းမှု မပါပါ၊ တကယ်ယုံကြည်စိတ်ချရခြင်းလည်း မရှိပါ၊ ထိုသို့သောပုံစံအတိုင်း ဘုရားသခင်နှင့်စစ်မှန်စွာ သူငယ်ခြင်း ဖြစ်၍မရပါ။ ဖြစ်သင့်သည်မှန်သော်လည်း မရပါ။ "ဘုရားသခင်ကို မိမိအဘဟုခေါ်၍ မိမိကို ဘုရားသခင်နှင့်ပြိုင်နိူင်းတော်မူသောကြောင့်၊ ယုဒလူတို့သည် ကိုယ်တော်ကိုသတ်ခြင်းငှာ သာ၍ရှာကြံကြ၏" ယော ၅း၁၈။

ထိုသို့ဖြစ်သော်လည်း၊ သခင်ယေရှုသည် မိမိ၏သူငယ်ချင်းဖြစ်ခြင်းကို ဆက်လက်ဖေါ်ဆောင်ပါသည်။ နှိမ့်ချသူများ၊ နူးညံ့သိမ်မွေ့သူများကို ရှာဖွေလျှက်၊ မိမိ၏သူငယ်ချင်းဖြစ်မှုထဲသို့ ခေါ်ဆောင်ပါသည်။ မဿဲ ၁၁း၂၈-၂၉ "ဝန်လေး၍ပင်ပန်းသူအပေါင်းတို့ ငါ့ထံသို့လာကြလော့။ ငါသည်ချမ်းသာ ပေးမည်။ ငါ့ထမ်းပိုးကိုတင်၍ ထမ်းကြလော့။ ငါ့ထံ၌နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကို ရလိမ့်မည်။" ထိုအလုပ်ကို သူသည် သူ့ဘဝအဆုံးတိုင် လုပ်ဆောင်သွားခဲ့သည်၊ ထို့ကြောင့် သူ့ဘဝအဆုံးသတ်တွင် ခမည်းတော်ဘုရားထံဆုတောင်း၍ ဤသို့တောင်းဆိုခဲ့သည်၊ ယော ၁၇း၆-၈ "ဤလောကထဲမှယူ၍ အကျွန်ုပ်၌ အပ်ပေးတော်မူသော သူတို့အား အကျွန်ုပ်သည် ကိုယ်တော်၏နာမကို ပြပါပြီ။ ထိုသူတို့ကို ကိုယ်တော်သည် ပိုင်တော်မူသဖြင့် အကျွန်ုပ်အား ပေးတော်မူ၏။ ကိုယ်တော်၏နုတ်ကပတ်တရားကို သူတို့သည် စောင့်ကြပါ၏။ အကျွန်ုပ်အား ပေးတော်မူသမျှတို့သည် ကိုယ်တော်မှဖြစ်ကြောင်းကို သူတို့သည် ယ္ခု သိကြပါ၏။ အကြောင်းမူကား၊ အကျွန်ုပ်အား ပေးတော်မူသမျှအရာတို့ကို သူတို့အား အကျွန်ုပ်ပေး၍ သူတို့သည် ခံယူသဖြင့်၊ အကျွန်ုပ်သည် အထံတော်မှကြွလာသည်ကို အတပ်သိကြသည်နှင့် ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူသည်ကို ယုံကြပါ၏။"

နောက်ဆုံးအနေနှင့် ထိုသူငယ်ချင်းဖြစ်မှုကို ထာဝရတံဆိပ်ခတ်နိုပ်ရန်၊ မိမိဘာသာမိမိ လက်ဝါးကပ်တိုင်ဖြင့် အသေခံတော်မူသည်။

## ၃။ ဘုန်းအသရေအတွင်း၌မိတ်ဆွေဖြစ်ခြင်း(Friendship in Glory)

ထိုအလုပ်ပြီးသောအခါ၊ ခမည်းတော်သည် သားတော်ကို ဘုန်းအသရေ၏အမြင့်ဆုံးသောနေရာသို့ ထမြောက်စေပါသည်။ ဖိ ၂း၈-၁၁ "ထိုသို့ လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျှက်အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏။ ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သော ဘွဲ့နာမကို ပေးသနားတော်မူ၏။ အကြောင်းမူကား ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါတည်းဟူသော ခပ်သိမ်းသောသတ္တဝါတို့သည်ယေရှုဘွဲ့နာမတော်ကိုဒူးထောက်၍၊ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့်ဝန်ခံသဖြင့် ခမည်းတော်ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေကြမည် အကြောင်းတည်း။"

ထို့နောက် ယနေ့ချိန်တွင် သူသည် ကောင်းကင်ဘုံ၌နေထိုင်တော်မူပါသည်။ ခမည်းတော်ဘုရားက ရည်ရွယ်ချက်ထားလျှက် ဖန်ဆင်းသောလောကတွင်၊ ရည်ရွယ်တော်မူချက်ကို အကောင်အထည်ဖော်နေပါသည်။ ထိုအကြောင်းကို သူ၏ကြီးမြတ်လှသော နောက်ဆုံးဆုတောင်းခြင်းတွင် ရှင်းပြထားပြီးဖြစ်သည်။ ယော ၁၇း၉၊ ၂၁၊ ၂၃ "သူတို့အဖို့ အလို့ငှာ အကျွန်ုပ်ဆုတောင်းပါ၏၊ အကျွန်ုပ်အား ပေးတော်မူသောသူတို့သည် ကိုယ်တော်၏လူဖြစ်သောကြောင့် ထိုသူတို့အဖို့အလို့ငှာ ဆုတောင်းပါ၏၊ထိုသူအပေါင်းတို့သည် တလုံးတဝတည်းဖြစ်လျှက်၊ အဘ ကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူသကဲ့သို့၊ထိုသူအပေါင်းတို့သည် ငါတို့၌ တလုံးတဝတည်းဖြစ်စေခြင်းငှာ ဆုတောင်းပါ၏၊ ငါတို့သည် တလုံးတဝတည်းဖြစ်၍၊ တလုံးတဝတည်း၌ စုံလင်စေခြင်းငှာ၄င်း၊ ကိုယ်တော်သည်လည်း အကျွန်ုပ်၌ ရှိတော်မူသောအားဖြင့် သူတို့သည် တလုံးတဝတည်းဖြစ်၍၊ တလုံးတဝတည်း၌စုံလင်စေခြင်းငှာ ဆုတောင်းပါ၏။" ထိုအချက်သည် ဘုရားသခင်က ဖန်ဆင်းခြင်းအပေါ်ထားရှိသော မူလရည်ရွယ်ချက်ဖြစ်ပါသည်။ လူတစုသည် သူ၏ပြည့်စုံသောမိတ်သဟာယအသက်ရှင်ခြင်းတွင် ထာဝရပါဝင်ရန်ဖြစ်သည်။ ထိုသို့သောမိတ်သဟာယကို မူလဧဒင်ဥယာဉ်တွင် ခဏတဖြုတ်တွေ့နိုင်ပါသည်။ အာဒံနှင့်ဧဝသည် ပြည့်ဝသောမိတ်သဟာယကို တဦးနှင့်တဦးကြားတွင် ရရှိခဲ့ကြသည်။ အသက်ပင်၏အသီးကိုစားခြင်းဖြင့် ဘုရားသခင်နှင့်လည်း ရရှိခဲ့ကြသည်။ သို့သော် မကြာလိုက်ပါ၊ ထိုအခြေအနေသည် ဘုရားသခင်က လူသားအတွက် ထားရှိသော နောက်ဆုံးအခြေအနေ မဟုတ်သေးပါ။ သူသည် အဆုံးကို အစကတည်းကသိတော်မူပါသည် (ဟေရှာ၄၆း၁၀)။ သခင်ခရစ်တော်ကသာ ပြည့်စုံစေနိုင်မည့်အကြောင်းကို ခွဲခန့်မှတ်သားတော်မူပါသည် (ယော ၁၄း၅)။ လူတစုသည် သူကိုယ်တိုင်က သုံးပါးတဆူအတွင်းခံစားတော်မူသော ဆက်နွယ်မှုအတွင်းသို့ မွေးစားခံရခြင်းဖြင့် ဝင်ရောက်ခံစားနိုင်ကြရန် ခွဲခန့်မှတ်သားတော်မူသည် (ဧဖက် ၂း၅)။ မိမိ၏ဘုရားဖြစ်ခြင်းသဘာဝကို ဝေငှပေးရန်ဖြစ်သည် (၂ပေ ၁း၄)။ ထိုအဖြစ်အတွက် ခရစ်တော်သည် သွား၍ လမ်းကို ပြင်ဆင်ပေးခြင်း ဖြစ်သည်။ ယော ၁၄း၃ "ငါသည်သွား၍ သင်တို့နေစရာအရပ်ကို ပြင်ဆင်ပြီးမှ တဖန်လာပြန်၍ ငါရှိရာ အရပ်၌ သင်တို့ရှိစေခြင်းငှာ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်။"

===================================

## ဂျူးလူမျိုးဆိုသည်မှာ မည်သူနည်း(၁)

လူအများက ဂျူးလူမျိုးမည်သူဖြစ်မှန်းမသိကြပါ။ မယုံကြည်သူများကမသိပါ။ ခရစ်ယာန်ဟု ခေါ်သောသူအများလည်း မသိကြပါ။ ကိုယ့်ကိုကိုယ် ဂျူးဟုခေါ်သူအများစုသည် ဂျူးအစစ်မဟုတ်ကြပါ။ ကိုယ့်ကိုကိုယ် ဂျူးဟု မခေါ်အချို့တို့သည် ဂျူးများဖြစ်ကြပြန်သည်။

အချို့က "ဂျူးဘာသာကိုယုံသောသူများသည် ဂျူးဖြစ်ကြသည်"ဟု ဖြေကြပါမည်။ သို့သော် ဂျူးများအကြားတွင် သံသယဝါဒီများ၊ ဘုရားမဲ့များလည်း ရှိနေပြန်ပါသည်။အစ္စရေးတိုင်းပြည်တွင်နေသူများသည် ဂျူးများဖြစ်ကြသည် မဟုတ်ပါလား။ သို့သော် အစ္စရေးတိုင်းပြည်တွင်နေသော ဂျူးဦးရေထက် အမေရိကားတွင်နေသော ဂျူးဦးရေက ပိုများနေပါသည်။ ထို့အပြင် အစ္စရေးတိုင်းပြည်တွင် နေသောသူအများစုကြီးသည် ဂျူးမဟုတ်ပါ၊ ပါလက်စတိုင်းလူမျိုးများဖြစ်ကြပါသည်။ အာဗြဟံ၊ ဣဇက်၊ ယာကုပ်တို့မှ ဆင်းသက်သူကို ဂျူးဟုခေါ်နိုင်မည် မဟုတ်ပါလား။ သို့သော် သိရမည်မှာ အက်စကီးမိုးလူမျိုးတယောက်ဂျူးဘာသာသို့ဝင်ရောက်လျှင်၊ သူသည်လည်း ဂျူးဖြစ်လာပါသည်၊ အေဒီ ၉ ရာစုခန့်က၊ "ခါဇာ" ဆိုသောလူမျိုးစုကြီးတခု ဂျူးဘာသာသို့ဝင်ရောက်ခဲ့ကြပါသည်။ ထို့ကြောင့် "မည်သူသည် ဂျူးဖြစ်သနည်း"ဆိုသည့်မေးခွန်းသည် အတော်ရှုပ်ထွေးပါသည်။ ဂျူးအုပ်ထုတ်ဆောင်း၊ အရေဖျားလှီးခြင်းခံ (မိန်းကလေးဆိုလျှင်မည်သို့နည်း)၊ (သို့) ဘာသာရေးသင်တန်းတက်ယုံလောက်နှင့် မဟုတ်သေးပါ။

သို့သော် ကမ္ဘာပေါ်တွင် ဂျူးဆိုသည်မှာ ဤသို့ဖြစ်သည်ဟု အဓိပ္ပါယ်ယေဘုယျ ဖွင့်ဆိုထားသည်တော့ ရှိပါသည်။ ဂျူးမိခင်မှဆင်းသက်သူ(ဂျူးဖခင်မှဆင်းသက်သူဖြစ်ဖို့မလိုပါ)တယောက်၊ (သို့) တရားဥပဒေအရ ဂျူးဘာသာသို့ ကောင်းစွာဝင်ရောက်ပြီးသူကို ဂျူးဟုခေါ်ကြပါသည်။ သို့သော် အများစုက မေရှန်းနစ်ဂျူး(Messianic Jews)တို့ကို ထည့်မသွင်းကြပါ၊ သခင်ယေရှုခရစ်တော်ကို ယုံကြည်သူသည်၊ မိခင်ဂျူးမှ ဆင်းသက်သူဖြစ်သော်လည်း ဂျူးမဟုတ်ပါဟုပြောကြပြန်သည်။

ယခုထိ ကျွန်တော်တို့ပြောနေကြသည်မှာ လူအများကလက်ခံသော ဂျူး၏အဓိပ္ပါယ်ဖြစ်ပါသည်။ ဝိညာဉ်ရေးအရ၊ သီဩလော်ဂျီအရ ဂျူးဆိုသည်မှာ မည်သည့်အဓိပ္ပါယ်ရှိသနည်းဟု ဆက်မေးရပါမည်။

ဘုရားသခင်က မည်သူ့ကို ဂျူးဟုမြင်တော်မူသနည်း၊ ဂျူးဟုသတ်မှတ်တော်မူသနည်း။ ထိုမေးခွန်းသည် သတင်းကောင်းနှင့်ဆက်နွယ်နေပါသည်။ ဘုရားသခင်နှင့်သူ၏ပဋိညာဉ်လူများကို ကယ်တင်ခြင်းဩဝါဒ နှင့် ဆက်နွယ်နေပါသည်။

ရောမ ၂း၂၈-၂၉ က "အပြင်အားဖြင့်သာ ယုဒလူဖြစ်သောသူသည်၊ ယုဒလူမှန်မဟုတ်၊ အပြင်အားဖြင့်သာ ကိုယ်အသား၌ အရေဖျားလှီးခြင်းသည် အရေဖျားလှီးခြင်းအမှန်မဟုတ်၊ အတွင်းအားဖြင့် ယုဒလူဖြစ်သောသူသည် ယုဒလူမှန်၏၊ အရေဖျားလှီးခြင်းလည်း ကျမ်းဟောင်းတရားအားဖြင့် မဟုတ်ဘဲ၊ ဝိညာဉ်တော်တရားအားဖြင့် စိတ်နှလုံးနှင့်စပ်ဆိုင်၏၊ ထိုသို့ အရေဖျားလှီးခြင်းကို ခံသောသူ၏ အချီးအမွမ်းသည် လူအလိုနှင့်မဆိုင်၊ ဘုရားသခင့်အလိုတော်နှင့်သာဆိုင်သည်တည်း"ဟု ကြေညာပါသည်။ (ထိုသို့သောသူကို လူတို့က မချီးမွမ်း ဘုရားကသာချီးမွမ်းသည်ဟု ဘာသာပြန်လျှင်ပိုမှန်ပါမည်) ဤကျမ်းပိုဒ်က အဓိကပြောချင်သည်မှာ ပထမ ဂျူးအကြောင်း၊ ဒုတိယ အရေဖျားလှီးခြင်းအကြောင်း။ ၂၈ က ဂျူးမဟုတ်သူ၊ အရေဖျားလှီးခြင်းအစစ်မဟုတ်သူကိုပြောပြ၍၊ ၂၉ က အစစ်အမှန်ဖြစ်သူကို ပြောပြပါသည်။

ဂျူးဖြစ်ရခြင်းက ဆံပင်ပုံနှင့်မဆိုင်ပါ (ဥပမာ၊ ပါယော့ဟာရော့ရှ် ဟုအသိများသော၊ နားထင်နေရာ၌ အရှည်ထားခြင်း)၊ နာမည်နှင့်လည်းမဆိုင်ပါ (ဥပမာ၊ ကိုဟင်)၊ ဂျူးတရားဇရပ်သို့ သွားခြင်းနှင့်လည်း မဆိုင်ပါ၊ မှတ်ပုံတင်တွင် ဂျူးဘာသာဟုထည့်သွင်းခြင်းနှင့်လည်း မဆိုင်ပါ။ ကျမ်းစာက "အပြင်ပမ်း ဂျူးဖြစ်ယုံနှင့်ဘာမှမထူးပါ"ဟု ပြောထားပါသည်။

ဂျူးဖြစ်ခြင်း၏အရေးအကြီးဆုံးအချက်သည်အဘယ်အရာနည်း၊ အရေဖျားလှီးခြင်း၊ အာဗြဟံထံယောက်ျားတိုင်းထိုမင်္ဂလာခံရမည်ဟု ဘုရားသခင်ကပြောထားသည်။ သို့သော် ကျမ်းစာကဆက်ပြောပါသည်၊ "အပြင်ဖက်သက်သက် အရေဖျားလှီးခြင်းခံခြင်းသည်လည်း ဘာမှအသုံးမဝင်ပါ" (၂၈)။

ထိုအရာအားလုံးကို အပေါ်ယံကျော့ခရစ်ယာန်များသို့လည်း ပြောနိုင်ပါသည်။ "အပေါ်ယံကျော့ခရစ်ယာန်ဖြစ်ခြင်းသည် ခရစ်ယာန်မဟုတ်ပါ။" ဘုရားကျောင်းသို့သွားခြင်းက တစုံတဦးကို ခရစ်ယာန်မဖြစ်စေပါ၊ မြင်းထားသောတင်းကုတ်တွင် တညအိပ်ခြင်းက တစုံတဦးကို မြင်းဖြစ်မသွားစေပါ၊ ထိုသို့ပင် တရားဒေသနာနားထောင်ခြင်း၊ ကျမ်းစာလက်ထဲကိုင်ထားခြင်း၊ သင်တန်းတက်ခြင်း၊ ဆုတောင်းခြင်းများသည် အတူတူပင်ဖြစ်သည်။ ထိုအရာတို့ကို သေချာစွာနားလည်လျှင်၊ သူ့နေရာနှင့်သူ ခရစ်ယာန်တယောက်အတွက် အသုံးဝင်လှပါသည်၊ သို့သော် ထိုအရာတို့က တစုံတယောက်ကို ခရစ်ယာန်ဖြစ်မလာစေပါ၊ အလိမ် မခံရပါစေနှင့်။

"အပြင်ဖက် ဗတ္တိဇံခံယုံနှင့်လည်း ဘာမှမဟုတ်သေးပါ။" ထိုဗတ္တိဇံရေက ကျွန်တော်၏အပြစ်များကိုဆေးကြောပေးသော သခင်ခရစ်တော်၏အသွေးတော်နှင့်ဝိညာဉ်တော်ကို ပုံဆောင်သောအရာသာဖြစ်ပါသည်။ ရေနှင့်ပေးသောဗတ္တိဇံသက်သက်က လူတယောက်ကို စစ်မှန်သောခရစ်ယာန်ဖြစ်မလာစေပါ။

ရောမ ၂း၂၉က စစ်မှန်သောဂျူးဖြစ်ခြင်း၏ အပြုသဘောဆောင်သောအချက်(၄)ချက်ကို ပြောပါသည်။ ပထမ၊ "အတွင်းအားဖြင့် ယုဒလူဖြစ်သောသူသည်၊ ယုဒလူမှန်၏၊" အပြင်ပမ်းသက်သက်ဖြင့် မရပါ၊ ဘုရားသခင်သည် စိတ်နှလုံးအနက်ရှိုင်းဆုံးနေရာကို သိသူဖြစ်သည်။ ဒုတိယ၊ "အရေဖျားလှီးခြင်းသည်လည်း နှလုံးသားနှင့်ဆိုင်ရမည်၊" ထိုအချက်သည် မောရှလက်ထက်မှပင်ဖြစ်သည် (တရား ၃၀း၆)။ တတိယ၊ ဝိညာဉ်တော်၌ဖြစ်ရမည်၊ ပညတ်တရားဖြင့်မဖြစ်ရပါ၊" အသစ်သောအသက်တာရှိသူ၊ ဝိညာဉ်တော်ကျိန်းဝပ်ခြင်း ခံရသူ ဖြစ်ရပါမည်။ စတုတ္ထ၊ "လူ၏ချီးမွမ်းခြင်း ခံရသူမဟုတ်၊ ဘုရားသခင်၏ချီးမွမ်းခြင်း ခံရသူဖြစ်သည်၊" ဂျူးဖြစ်ရခြင်းသည် ချီးမွမ်းခံရခြင်းဖြစ်သည်၊ သို့သော် လူ၏အချီးအမွမ်းမဟုတ်၊ ဘုရားသခင်ကချီးမွမ်းခြင်းဖြစ်သည်။ ဖြောင့်မတ်သောဘုရားသခင်က သခင်ခရစ်တော်၏ ဖြောင့်မတ်ခြင်း ခံရသူ ယုံကြည်သူကိုသာ ချီးမွမ်းပါသည်။ ကျွန်တော်တို့ကိုသာ သဘောကျတော်မူပါသည်။

ထိုသို့သောသူသည်သာ၊ ကျမ်းစာအားဖြင့် စစ်မှန်သောဝိညာဉ်ရေးရာ ဂျူးမှန်ဖြစ်သည်။ နှလုံးသားမှ ဂျူးဖြစ်သူဖြစ်သည်။ ဘုရားသခင်က သဘောကျ၍ချီးမွမ်းခြင်းခံရသူဖြစ်သည်။ ထို့ကြောင့် ရောမ ၂း၂၈-၂၉ အရ ကိုယ်ခန္ဓာအရ ဂျူးဖြစ်သူအများကြီးသည် ဂျူးမဟုတ်ကြောင်း သိနိုင်မည်ဖြစ်သည်။ သခင်ယေရှုလက်ထက်က ဖါရိရှဲများ၊ သူတို့သည် လူတို့၏ချီးမွမ်းခြင်းကိုသာ ခံချင်ကြသည် (ယော ၁၂း၄၃)။ ဥပမာ သူတို့၏ အလှူပေးခြင်း၊ ဆုတောင်းခြင်း၊ အစာရှောင်ခြင်း (မဿဲ ၆း၁-၁၈)။ လူအထင်ကြီးခြင်း အလွန်ခံချင်ကြသည်၊ တရားဇရပ်တွင်လည်း၊ အမြင့်ဆုံးထိုင်ခုံ၌သာ ထိုင်ချင်ကြသည် (မဿဲ ၂၃း၅)။

ရောမ ၂း၂၈-၂၉ အရ၊ တောလည်ရာတွင် မယုံကြည်ခြင်းကြောင့် ခါနန်ပြည်သို့မဝင်ရသူများသည် ဂျူးအစစ်မဟုတ်ကြပါ(ဟေဗြဲ ၃း၁၇-၁၉)။ အစ္စရေးပြည်ထီးနန်းကို မတရားရယူလျှက်၊ ဒါဝိတ် ကိုသတ်ချင်သော အဗရှလုံ ကိုမည်သို့ပြောမည်နည်း။ အပြင်ပမ်းအားဖြင့် သူလည်း အရေဖျားလှီးခြင်းကိုခံခဲ့ပါသည်၊ သို့သော် အတွင်းသဘောဖြင့်တော့ မဟုတ်ပါ။ ထို့အတူ အဟိတောဖလ၊ ရုပ်တုကိုကိုးကွယ်သော ယေရောဗောင်၊ လူသားတော်ကို နမ်းလျှက်သစ္စာဖေါက်သော ယုဒ၊ ထိုသူတို့သည် ဂျူးစစ်မဟုတ်ကြပါ။ ဓမ္မဟောင်းကျမ်းစာကလည်း ထိုသို့ပင်သွန်သင်ပါသည်၊ ဥပမာ ယေဇ ၁၃း၉ တွင် “မှန်ပါသည် ဘုရားသခင်သည် အစ္စရေးအပေါ်ကောင်းလှပါသည်”ဟုပြောသည်၊ သို့သော် မည်သို့သော အစ္စရေးဖြစ်ကြောင်း ဆက်၍ရှင်းပြသည်၊ “စင်ကြယ်သောနှလုံးသားရှိသူ” ဟူ၍ဖြစ်သည် (ဆာလံ ၇၃း၁)။ ထိုအချက်ကို ဆိုးညစ်သူတို့အားဆန့်ကျင်လျှက် ပြောခြင်းဖြစ်သည်၊ အစ္စရေးတို့အထဲမှ ဆိုးညစ်သူများကိုဖြစ်သည်။ ထို့ကြောင့် ဂျူးအများစုသည် ဂျူးမဟုတ်ကြပါ။

==================================

## သခင်ယေရှု၏ဗတ္တိဇံခံခြင်း

သခင်ယေရှု နှစ်ခြင်း ခံခဲ့ပါသလား။ အဖြေသည် အဘယ့်အတွက် သူ ဗတ္တိဇံကိုခံရသနည်း ဆိုသည့်အချက်ပေါ်တွင် တည်နေပါသည်။ နောင်တရ၍ဗတ္တိဇံခံခြင်းမဟုတ်ကြောင်းတော့ သေချာပါသည်။ အခြားသူများကို ဥပမာပေးချင်၍လည်းမဟုတ်ပါ။ ယောဟန်ကလည်း သခင်ယေရှုမလာခင် အချိန်အတော်ကြာကပင် ဗတ္တိဇံကို ပေးနေခဲ့ပြီးဖြစ်သည်။

သခင်ယေရှု၏ဗတ္တိဇံသည် သူ့ကို ယဇ်ပုရောဟိတ်အဖြစ် ဘိသိတ်ပေး(ခန့်အပ်)ခြင်းသာ ဖြစ်သည်။ ထိုအချက်ကို ဓမ္မဟောင်းကာလထုံးစံအရ အသက်(၃၀)ပြည့်ချိန်တွင် ယဇ်ပုရောဟိတ်သည် တာဝန်ကို စတင်ထမ်းဆောင်ရသည်ဟု သိရသည်(ဝတ် ၄း၃၊ ၄၇)။ ထိုသို့စတင်ထမ်းဆောင်မည့်သူကို ယဇ်ပုရောဟိတ်များထံသို့ ပို့ဆောင်၍၊ ရေဖြန်းခြင်းမင်္ဂလာဖြင့် ခန့်အပ်ပါသည် (တောလည်ရာ ၈း၆-၇)။

ထို့ကြောင့် ရှင်လုကာက သခင်ယေရှု ဗတ္တိဇံခံချိန်တွင် အသက်(၃၀)ရှိပြီဟု အသေအချာရေးခြင်းဖြစ်သည်။ ထိုသို့မှတ်တမ်းတင်ခြင်းသည် မတော်တဆ ရေးမိခြင်းမဟုတ်ပါ။ ထို့အပြင် ယောဟန်ကလည်း သူ့ကို ဗတ္တိဇံပေးရန် တွန့်နေခြင်းကလည်း ပြောနေပါသည်။ အဘယ်ကြောင့်ဆိုသော် ယောဟန်၏ဗတ္တိဇံသည် နောင်တရခြင်းကို ပုံဆောင်သော ဗတ္တိဇံ ဖြစ်နေသောကြောင့်ပင်။ ယောဟန်သိပါသည်၊ သခင်ယေရှုသည် အပြစ်အတွက် နောင်တရရန် မလိုပါ။ သို့သော် သခင်ယေရှုက “ဖြောင့်မတ်ခြင်းအားလုံးကို ပြည့်စုံစေရမည်”ဟု အဓိပ္ပါယ်ရှိစွာ ပြောခါမှ ယောဟန် သဘောပေါက်ပါသည်။ သခင်ယေရှုသည် အသက်(၃၀)ပြည့်၍၊ သူ၏အမှုတော်ထမ်းဆောင်ရန် ပညတ်တော်ကတောင်းဆိုသော၊ ဘိသိတ်ပေး(ခန့်အပ်)ခြင်းမင်္ဂလာကိုဆိုလိုကြောင်း သိလာပါသည်။

ထိုအချက်သည် အလွန်အရေးကြီးပါသည်။ သခင်ယေရှု၏ဗတ္တိဇံသည် ယဇ်ပုရောဟိတ်ဖြစ်ရန် ဘိသိတ်ပေးခြင်းဖြစ်လျှင်၊ ထိုအခန်းအနားကို ခေတ်အဆက်ဆက် ဖြန်းခြင်းမင်္ဂလာနှင့်ပေးခဲ့လျှင်၊ သခင်ယေရှု အဘယ်ကြောင့် နှစ်ခြင်း ခံနေရမည်နည်း၊ ဖြန်းခြင်းသာဖြစ်ပါမည်။ သခင်ယေရှု နှစ်ခြင်းမခံခဲ့ပါ၊ ဖြန်းခြင်းသာခံတော်မူပါသည်။

သို့သော်၊ နှစ်ခြင်းတို့က မာကု ၁း၁၀ကို ညွှန်းလျှက်၊ “ရေမှပေါ်ထစဉ်” ဝိညာဉ်တော်ဆင်းသက်သည်။ ထို့ကြောင့် သခင်ယေရှုသည် ရေထဲတွင်ရှိနေခဲ့သည်၊ နှစ်ခြင်းခံ၍ဖြစ်သည်ဟု ပြောတတ်ကြပါသည်။

ထိုသို့ပြောခြင်းသည်မမှန်ပါ၊ အဘယ်ကြောင့်ဆိုသော် ပထမအနေနှင့် “ရေမှ”ဟုပြောသောကြောင့် နှစ်ခြင်းဖြစ်ရမည်ဟု ပြော၍မရပါ။ ခေတ်ဦးခရစ်ယာန်တို့၏ ပန်းချီများတွင် လူအများတို့သည် ကမ်းစပ်ရေတိမ်တွင် ရပ်နေကြလျှက် ယောဟန်က သူတို့ခေါင်းများပေါ် ရေသွန်းလောင်းနေပုံများ ဆွဲထားသည်ကို တွေ့နိုင်ပါသည်။ ဒုတိယအနေနှင့်၊ “ရေမှပေါ်ထစဉ်”ဆိုသည့်နေရာတွင် ဘာသာပြန်ခြင်း၌ ပြဿနာရှိပါသည်။ “မှ”ဆိုသည့် ဝိဘတ်စကားလုံး (ဂရိဘာသာဖြင့် ‘အက်’ ἐκ)ကို “အနီးမှနေ၍”ဟု လည်း ပြန်နိုင်ပါသည်။ မည်သို့ပြန်ခြင်းသည် ပို၍မှန်မည်နည်း။ ကျမ်းစာကို ကျမ်းစာနှင့်နှိုင်းယှဉ်လျှက် သိနိုင်ပါသည်။ ရှင်မာကု ၁း၁၀နှင့်ကျမ်းပြိုင် မဿဲ ၃း၁၆တွင်

အခြားသောဝိဘတ်စကားလုံးကို သုံးပါ သည်၊ ဂရိဘာသာဖြင့် “အားပို”([illegible]□□)ဖြစ်သည်၊ အမြဲတမ်း “အနီးမှနေ၍”ဟုသာ အဓိပ္ပါယ်ရှိပါသည်။ ထို့ကြောင့် မာကု ၁း၁၀ ကို“အနီးမှနေ၍”ဟု ဘာသာပြန်ရပါမည်။ သခင်ယေရှုသည် ယော်ဒန်မြစ်ကမ်း သို့ ဆင်းသွားသည်၊ ထို့နောက် မြစ်အနီးမှပြန်တက်လာခဲ့သည်။ နှစ်ခြင်းလုံးဝမခံခဲ့ပါ။

နောက်ကျမ်းပိုဒ်တပိုဒ်မှာ ယော ၃း၂၃ ဖြစ်သည်၊ “ယောဟန်သည်လည်း ရှာလိမ်မြို့နှင့်အနီး အဲနန် အရပ်၌ ရေများသောကြောင့်၊ လူအများတို့သည် လာ၍ဗတ္တိဇံကို ခံကြ၏။”“ရေများသောကြောင့်” ဆိုသည့်စကားစုက နှစ်ခြင်းဖြစ်မည်ဟု နှစ်ခြင်းတို့ကပြောပြန်ပါသည်။

ထိုသို့ပြောခြင်းသည် သမိုင်းကို နားမလည်၍ဖြစ်သည်။ အဲနန်အရပ်၏ ဘူမိဗေဒသမိုင်းကြောင်း တလျှောက်တွင် လူတယောက်ကို နှစ်ခြင်းပေးနိုင်လောက်သည့် ရေပမာဏ မရှိဖူးပါ။ “ရေများသော ကြောင့်”ဆိုသည့်စာပိုဒ်က ရည်ညွှန်းသည်မှာ စိမ့်စမ်းများကို ဖြစ်သည်။ စိမ့်မြေများကို ဖြစ်သည်။ ထို့ကြောင့် ထိုအရပ်တွင်ရေများ၍၊ နှစ်ခြင်းပေးရန်သွားသည်ဟုပြောခြင်းသည်၊ ဘူမိဗေဒအရ‌ငှင်း၊ သမိုင်းအရ‌ငှင်း မှားယွင်းသော အယူအဆဖြစ်ပါသည်။ ထို့အပြင် ဝိညာဉ်တော်သွန်းလောင်းခြင်းကို ပုံဆောင်သော ဗတ္တိဇံကိုပေးဖို့ရန် နှစ်ခြင်းပုံစံကို သုံးစရာ လုံးဝမလိုအပ်ပါခြေ။

====================================

**ဘုရားသခင်၏သိ၍မကုန်နိုင်ဖြစ်တော်မူခြင်းဩဝါဒ**(God's Incomprehensiblity)

(ယွှင်ပတ်မှအဆက်)

ဘုရားသခင်ဖြစ်လာရန် မည်သည့်ပြင်ပအရာ(သို့)စွမ်းအား တခုကမှ မဖြစ်စေပါ၊ မထုတ်လုပ် ပါ။ သူဖြစ်လာသည့်အကြောင်းသည် သူ၏ဖြစ်တည်မှု၊ သဘာဝနှင့်ကောင်းမြတ်ခြင်းတို့၌သာ ရှိနေပါ သည်။ သူသည် လွတ်လပ်တော်မူသူ ဖြစ်သည်။ မိမိဘာသာမိမိဖြစ်လာသူဖြစ်သည်။ “ငါ့ရှေ့မှာ ဖန်ဆင်း ရာထဲက အဘယ်ဘုရားသခင်မျှမဖြစ်၊ ငါ့နောက်မှာလဲ အဘယ်ဘုရားသခင်မျှ မရှိရာ”(ဟေရှာ ၄၃း၁၀)။ ထို့ကြောင့် သူသည် (ရှုတ်ထွေးမှုမရှိသော)ရိုးစင်းလှသူဖြစ်တော်မူသည်။ သူသည် သူ၏ပြည့်စုံတော်မူ ခြင်းများ ဖြစ်တော်မူသည်။ သူ့ထံတွင် အစိတ်အပိုင်းများ၊ တန်ခိုးစွမ်းအားများ၊(သို့)ကောင်းမြတ်ခြင်းများ ပေါင်းစပ်ထားခြင်းဆိုသည်မျိုး မရှိပါ။

ဖန်ဆင်းခံတို့ကို အသက်ရှင်သည်ဟုပြော၍ရပါမည်၊ သို့သော် ဘုရားသခင်သည် အသက်ဖြစ် သည်။ ဖန်ဆင်းခံတို့ကို ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့်အမှန်တရားတို့နှင့် ရစ်ပတ်သည်ဟု ပြော၍ရပါ မည်၊ သို့သော် ဘုရားသခင်သည် ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့်အမှန်တရား ဖြစ်တော်မူပါသည်။ သူ သည် အလင်းဖြစ်တော်မူသည်၊ သူ့ထံ၌ မှောင်မိုက်ခြင်းအလျှင်းမရှိပါ (၁ယော ၁း၅)။ သူသည် အနန္တ တန်ခိုးတော်ရှင်ဖြစ်သည်၊ သူသည် အလုံးစုံသော ဉာဏ်ပညာနှင့်အသိပညာတို့ ပေါင်းစပ်နေခြင်း ဖြစ် တော်မူသည်။ သူသည် ချစ်ခြင်းမေတ္တာ၊ အလင်း၊ ဣသရေလ၏ခွန်အားဖြစ်သည် (၁ယော ၄း၈၊ ၁း၅၊ ၁ရာ ၁၅း၂၉)။

ဘုရားသခင်၏ ကောင်းမြတ်တော်မူခြင်းများသည်လည်း သူ့ဖြစ်တည်မှု၏ ဂုဏ်လက္ခဏာများ သက်သက် မဟုတ်ပါ၊ သူ၏အနှစ်သာရနှင့် ထပ်တူကျနေပါသည်။ ထို့ကြောင့် သူ၏ကောင်းမြတ်ခြင်း များ အားလုံးသည် သူ့ထံတွင် တစ်ခုတည်း(တစ်စုတည်း)ဖြစ်နေပါသည်။ ထိုသို့ဖြစ်သော ဘုရားသခင်၏ အနှစ်သာရ၏ ရိုးစင်းမှုကို ကျွန်တော်တို့ ကုန်စင်အောင် နားမလည်နိုင်ကြသော်လည်း၊ အလားတူဉပမာ များကို အရောင်တို့၏ စုံလင်လှသော အမျိုးအစားတို့၌‌ငှင်း၊ တဖျပ်ဖျပ်လင်းလက်မှု၌‌ငှင်း တွေ့မြင်နိုင်ကြ ပါသည်၊ ထိုအချက်တို့က ဘုရားသခင်၏ကောင်းမြတ်မှုတို့သည် သူ့ထံတော်၌ တစုတည်းဖြစ်နေသည် ဆိုသည့် အမှန်တရားကို မဖျက်ဆီးဘဲ ထောက်ခံနေကြသည်။ ထို့ကြောင့် သူ၏ဖြောင့်မတ်တော်မူခြင်း သည်၊ သူ၏ဂရုဏာတော်ဖြစ်ပါသည်။ သူ၏သန့်ရှင်းခြင်းသည်၊ သူ၏ကျေးဇူးတော်ဖြစ်ပါသည်၊ သူ၏အ မှန်တရားဖြစ်ခြင်းသည်၊ သူ၏ချစ်ခြင်းမေတ္တာဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်ဟုခေါ်သော ထိုထာဝ ရပုဂ္ဂိုလ်၊ ထိုလွတ်လပ်လှသူ၊ ရိုးစင်းလှသောအနှစ်သာရဖြစ်သူသည် မပြောင်းလဲသောသူ၊ အထံတော်၌ ပြောင်းလဲခြင်းအရိပ်မရှိသူ ဖြစ်တော်မူပြန်ပါသည် (ယာကုပ် ၁း၁၇)။